**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ်  ၈၈ /၂၀၁၇**

၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း  ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်)

**အကောင်အထည်ဖော်ဆောင်ရွက်ရန် နှောင့်နှေးကြန့်ကြာနေသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား စိစစ်ကြပ်မတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရယူထားပြီးဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနက် အချို့လုပ်ငန်းများအနေဖြင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ခွင့်ပြုမိန့်ရရှိရန် ကြန့်ကြာနေ၍သော်လည်းကောင်း၊ အခြားအခြေအနေတစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြန့်ကြာနေသည်ကို တွေ့ရှိနေရပါသည်။ ထို့အပြင် ခွင့်ပြုမိန့်၊ လိုင်စင်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်များ ရရှိပြီးသော်လည်း ရင်းနှီးမြှုပ်နှံသူမှ လုပ်ငန်းစတင်ဆောင်ရွက်မှုမရှိခြင်း၊ လုပ်ငန်းစတင်ဆောင်ရွက် ထားသော်လည်း အခြေအနေတစ်ရပ်ရပ်ကြောင့် ဆက်လက်ဆောင်ရွက်ရန် အခက်အခဲကြုံတွေ့ နေခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံသူမှ ဆက်လက်ဆောင်ရွက်မှုမရှိခြင်း စသည်တို့ကြောင့်လည်း လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရန် နှောင့်နှေးကြန့်ကြာလျက်ရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

၂။ သို့ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၂၄၊ ၂၇ နှင့် ၁၀၀ (ခ) တို့အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် နှောင့်နှေးကြန့်ကြာနေသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား စိစစ်ကြပ်မတ်ရန်နှင့် လိုအပ်သည့် အကူအညီများပေးနိုင်ရန်အတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဦးဆောင်သော အဖွဲ့ (၃) ဖွဲ့အား ဖွဲ့စည်းလိုက်သည်-

(က) **အဖွဲ့ (၁)**

ဦးထိန်လွင်

အဖွဲ့ဝင်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

(ခ) **အဖွဲ့ (၂)**

ဦးဌေးချွန်

အဖွဲ့ဝင်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

(ဂ) **အဖွဲ့ (၃)**

ဦးအေးလွင်
အဖွဲ့ဝင်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

၃။ အဆိုပါ အဖွဲ့ (၃) ဖွဲ့တွင် စိစစ်ကြပ်မတ်ရမည့် လုပ်ငန်းအပေါ် မူတည်ကာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူးများမှ အဖွဲ့ဝင်များအဖြစ်ပါဝင်ဆောင်ရွက်၍ အဖွဲ့၏ရုံးလုပ်ငန်းဆိုင်ရာ တာဝန်များကို သက်ဆိုင်ရာဌာနခွဲမှ တာဝန်ယူဆောင်ရွက်ရမည်။

(ကျော်ဝင်း)
ဥက္ကဋ္ဌ

စာအမှတ်၊ မရက-၆/၁ /၂၀၁၇ ( ၁၂၀၀ )
ရက်စွဲ၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
ဦးဆောင်ညွှန်ကြားရေးမှူး } မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြော်ငြာပေးပါရန်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း }